PGK Pyi Gyi Khin
Empowering Women and Children

PYI GYI KHIN

No. (82), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon, Myanmar.
Ph : 09-899384280 Email : management@pgkmm.org hr@pgkmm.org
Website : www.pgkmyanmar.org www.facebook.com/PyiGyiKhinMyanmar

# အလုပ်ခေါ်စာ

## Volunteer Monitor (part time)

ပြည်ကြီးခင်အဖွဲ့သည် (၁၉၉၇) ခုနှစ်တွင် စတင်တည်ထောင်ပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ ပြည်တွင်းလူမှုရေးလုပ်ငန်းများ လုပ်ကိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့အနေဖြင့် နိုင်ငံသားတိုင်း အထူးသဖြင့် အမျိုးသမီးနှင့်ကလေးတိုင် အခွင့်အရေးအပြည့်အဝရရှိပြီး လူ့ဂုဏ်သိက္ခာနှင့်အညီ ပြည့်စုံလုံလောက်သော လူမှုဘဝကို ရရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူထုအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နှင့် လိုအပ်သော အသိပေး တောင်းဆိုမှုများအား အဓိကထား ဆောင်ရွက်ပေးနေပြီး လူထုပါဝင်မှုအားဖြင့် တီဘီရောဂါ ရှာဖွေတိုက်ဖျက်ရေးလုပ်ငန်းများ၊ ဆေးယဉ်ပါးတီဘီရောဂါအတွက် ရပ်ရွာအခြေပြု ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ HIV ကာကွယ်ရေးလုပ်ငန်းများနှင့် အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ခြင်း ဆိုင်ရာစီမံချက်များနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပေးစီမံချက်များကိုလည်း လက်ရှိ ဆောင်ရွက်လျက် ရှိပါသည်။

တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်ကို (၂၀၁၂) ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၆) မြို့နယ်တွင် အစပြုခဲ့ပြီး လက်ရှိကာလတွင် Global Fund အထောက်အပံ့ဖြင့် ပြည်သူလူထုအခြေပြု ဆေးယဉ်ပါးတီဘီရောဂါ ပြုစုစောင့်ရှောက်ခြင်း စီမံချက် (Patient-Centered Community-Based DR-TB Care Project) ကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် (၃၁) မြို့နယ်တွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆေးယဉ်ပါးတီဘီလူနာများအား တိုက်ရိုက်ကြည့်ရှု တီဘီဆေးတိုက်ကျွေးခြင်း၊ ဆေးကုသမှုစတင်ခြင်းအတွက် ထောက်ပံ့ပေးခြင်း၊ လစဉ်ခရီးစရိတ်နှင့် အာဟာရ စားရိတ်ထောက်ပံ့ပေးခြင်း၊ လူနာနှင့် အတူနေမိသားစုဝင်များကို ကျန်းမာရေးအသိပညာပေးခြင်း၊ တီဘီရောဂါ ရှိ/မရှိစစ်ဆေးနိုင်ရန် ကျန်းမာရေးဌာနသို့ ညွှန်းပို့ပေးခြင်း၊ ဆေး၏ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်ပေးခြင်း၊ နှစ်သိမ့်အားပေးခြင်းလုပ်ငန်းများအား စေတနာ့ဝန်ထမ်းကြီးကြပ်များနှင့် စေတနာ့ဝန်ထမ်းများဖြင့် တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်မီသူကို လိုအပ်ပါသဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံသူများကို Volunteer Monitor (စေတနာ့ဝန်ထမ်းကြီးကြပ်) ရာထူးအတွက် ရွေးချယ် တာဝန်ပေးအပ်လိုပါသည်။

| ရာထူး | Volunteer Monitor (part time) |
|---|---|
| **ခန့်ထားမည့်အရေအတွက်** | **၁ ဦး** |
| **ပရောဂျက်အမည်** | **Patient-Centered Community-Based DRTB Care Project** |
| **လစာ** | **၄၂၀,၀၀၀ ကျပ်** |
| **အစီရင်ခံရမည့်သူ** | **Project Assistant** |
| **စီမံချက်မြို့နယ်** | **မင်္ဂလာတောင်ညွန့်မြို့နယ်** |

No. (82), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon, Myanmar.
Ph : 09-899384280 Email : management@pgkmm.org hr@pgkmm.org
Website : www.pgkmyanmar.org www.facebook.com/PyiGyiKhinMyanmar

လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ

- ❖ ပြည်ကြီးခင်၏ ဝန်ဆောင်မှုရယူနေသော လူနာအားလုံး၏ ရပိုင်ခွင့်များကို တန်ဖိုးထား လေးစားရမည်။
- ❖ Project Assistant ၏ ကြီးကြပ်မှုအောက်တွင် ဆောင်ရွက်ရမည်။
- ❖ ပြည်ကြီးခင်၏ ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ပံ့ပိုးနေသောဝန်ဆောင်မှုလုပ်ငန်းများ၊ လူနာများ၏ အိမ်သို့နေ့စဉ်အချိန်မှန်သွားရောက်၍ ဆေးတိုက်ကျွေးသည့် လုပ်ငန်းများကို လုပ်ဆောင် နေသော စေတနာ့ဝန်ထမ်းများကို ကြီးကြပ်ပေးရမည်။
- ❖ လိုအပ်သောအချက်အလက်များ၊ ကွင်းဆင်းဆောင်ရွက်မှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများအတွက် မြို့နယ် ကျန်းမာရေးဌာန၊ အခြားအဖွဲ့အစည်းများမှဝန်ထမ်းများ၊ သက်ဆိုင်ရာကွန်ရက်များနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။
- ❖ ဆေးယဉ်ပါးတီဘီကုသရန် စာရင်းဝင်သောလူနာများအား ဆေးကုသမှုစတင်ရန် ကနဦးထောက်ပံ့ခြင်း (Pre-enrolment Support) အတွက် မြို့နယ်တီဘီတာဝန်ထံမှ အပတ်စဉ် စာရင်းတောင်းခံရမည်။
- ❖ စေတနာ့ဝန်ထမ်းများ၏ တီဘီဆေးတိုက်ကျွေးခြင်း (DOT activity) များအား နေ့စဉ်စောင့်ကြပ်ကြည့်ရှုခြင်း၊ လူနာနှင့်အတူနေ မိသားစုဝင်များအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တီဘီ ရောဂါရှိ/မရှိစစ်ဆေးရန် ကျန်းမာရေးဌာနသို့ညွှန်းပို့ ပေးခြင်း (Contact Investigation) လုပ်ငန်းများကို ဆောင်ရွက်ရမည်။
- ❖ Field level တွင် မှတ်တမ်းများနှင့် အစီရင်ခံစာများကို အချိန်မီစုဆောင်းရာတွင် Project Assistant အား ကူညီဆောင်ရွက်ပေးရမည်။
- ❖ လက်ခံရရှိထားသောမှတ်တမ်းများအားလုံးကို မှန်ကန်မှုရှိစေရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။
- ❖ Field level အတွင်း ဆေးယဉ်ပါးတီဘီလူနာများအား ထောက်ပံ့ကြေးရရှိမှု အဆင်ပြေစေရန် ကူညီဆောင်ရွက် ပေးရမည်။
- ❖ တာဝန်ကျရာ မြို့နယ်အတွင်း နေရာအနှံ့ လှည့်လည်သွားလာနိုင်ရမည်။
- ❖ ပြည်ကြီးခင်အဖွဲ့မှ ဆောင်ရွက်သော မြို့နယ်ကျန်းမာရေးဟောပြောပွဲများများတွင် ပြည်သူလူထု တက်ရောက် ပါဝင်လာစေရန် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးရမည်။

- Program Officer မှ လုပ်ငန်းလိုအပ်ချက်အရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်။
- မိမိလုပ်ဆောင်ရမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ ကြီးကြပ်သူ၊ အခြားလူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ နှင့် လိုအပ်သည်များကို ကူညီ ဆောင်ရွက်ရမည်။

**အနိမ့်ဆုံး ပြည့်မီရန် လိုအပ်ချက်များ**

- အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (ဘွဲ့ရသူဦးစားပေးခန့်အပ်မည်)
- လက်ရှိ အစိုးရဝန်ထမ်း သို့မဟုတ် အခြားစီမံချက်မှ ဝန်ထမ်းများ (စေတနာ့ဝန်ထမ်း/ စေတနာဝန်ထမ်းကြီးကြပ်သူ) မဖြစ်ရပါ။
- အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး **တစ်နှစ်** ရှိရမည်။
- တီဘီရောဂါနှင့်ပတ်သက်၍အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေး ခန့်ထားမည်။
- အကျိုးအမြတ်မယူသောအဖွဲ့အစည်းများနှင့်လုပ်ကိုင်ရာတွင်အတွေ့အကြုံရှိသူဦးစားပေးမည်။
- လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဆက်ဆံရေး ကောင်းမွန်ရမည်။`
- လိုက်လျောညီထွေရှိပြီး စာနာစိတ်ရှိပြီး အသင်းအဖွဲ့စိတ်ဓာတ်ရှိရမည်။
- အမှီအခိုကင်းကင်းနှင့် တက်ကြွစွာ လုပ်ကိုင်နိုင်သူဖြစ်ရသည်။
- သက်ဆိုင်ရာစီမံချက်မြို့နယ်အတွင်း နေထိုင်သူများအား လျှောက်ထားရန် တိုက်တွန်းပါသည်။

လျှောက်လွှာတင်ခြင်းအား အောက်တွင်ဖော်ပြထားသည့်အတိုင်း **google format Link** ဖြင့် သော် လည်းကောင်း စာတိုက်မှသော်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း လာရောက် လျှောက်ထားနိုင်ပါသည်။

လျှောက်ရမည့် link မှာ -

https://docs.google.com/forms/d/e/1FAIpQLSeEMyGB1jVEH-bMfYfHpC_lY2fL_Y9Z3JXkz_lr_lN1h0FuFw/viewform?usp=dialog

# PYI GYI KHIN

No. (82), Maharsi Tharthana Yeik Thar Road, Bahan Township, Yangon, Myanmar.
Ph : 09-899384280 Email : management@pgkmm.org hr@pgkmm.org
Website : www.pgkmyanmar.org www.facebook.com/PyiGyiKhinMyanmar


စိတ်ဝင်စားပါက Cover Letter ၁စောင် နှင့် အသေးစိတ်ကိုယ်ရေးအချက်အလက် CV ထဲတွင် လျှောက်ထားမည့် ရာထူး၊ မိမိ လတ်တလောဓာတ်ပုံ၊ ပညာရေးအရည်အချင်းနှင့် မိမိအားထောက်ခံပေးမည့်လူကြီး (၂)ဦး၏ ဆက်သွယ်နိုင်ရန် email နှင့် ဖုန်းနံပါတ် မဖြစ်မနေ တင်သွင်းဖော်ပြထားရပါမည်။

- ✓ လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်မှာ ၂၀၂၅ ခုနှစ်၊ မေလ၊ ၆ ရက် ညနေ ၅ နာရီ အထိ ဖြစ်ပါသည်။
- ✓ CV နှင့် Cover Letter သည် PDF Version ဖြင့်သာ လက်ခံပါမည်။
- ✓ အရည်အချင်းပြည့်မီသော အမျိုးသမီးများအား လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။
- ✓ သင်၏ CV Form တွင် ဖော်ပြထားသော အချက်အလက်အားလုံးဖြင့်မှန်ကန်မှုရှိ ရပါမည်။
- ✓ လက်ရှိပြည်ကြီးခင်တွင် တာဝန်ထမ်းဆောင်နေသော ဆွေမျိုး/အိမ်ထောင်ဖက်ရှိလျှင် လျှောက်လွှာများတွင် ဖော်ပြရန်လိုအပ်သည်။
- ✓ ပဏာမရွေးချယ်ခံရသူများကိုသာ ဆက်သွယ်အကြောင်းကြားပါမည်။ ကျေးဇူးပြု၍ တယ်လီဖုန်းဖြင့် စုံစမ်းမေးမြန်းခြင်း မပြုပါနှင့်။

***PGK expects full commitment of its employees to the PGK Code of Conduct including PSEA policy.***

ပြည်ကြီးခင်

အမှတ် ၈၂၊ မဟာစည်သာရိပ်သာလမ်း၊

ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။